# ပုသိမ်မြို့နယ်
# ကိုးဆူကျေးရွာအုပ်စု
# ကျောက်ပုန်းကျေးရွာ

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
## (၂၀၁၉-၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောက်ပုန်းကျေးရွာ၊ ပုသိမ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဇွန် လ

## မာတိကာ


စကားချီး

ကျေးရွာသယံဇာတပြမြေပုံ၊ ပုသိမ်မြို့နယ်

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝရင်းမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမှီမှု-လမ်းတံတား၊ လျှပ်စစ်စွမ်းမား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချိန်ကာလ

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ အစီအစဉ်

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဆက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

ဇယား၁ - လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား၂ - လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား၃ - လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား၄ - ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား၅ - ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား၆ - ဥစ္စာဓနအဆင့်အခြေအနေ

ဇယား၇ - ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား၈ - ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား၉ - ကျေးရွာ၏ ထိခိုက်သက်ရောက်မှုလွယ်သော အခြေအနေ

ဇယား၁၀ - ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား၁၁ - ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား၁၂ - ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား၁၃ - ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား၁၄ - ကျေးရွာ၏ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား၁၅ - အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား၁၆ - ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား၁၇ - သီးနှံထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား၁၈ - သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက် လက်လှမ်းမီသူ အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် အဆင့်စာတက်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲများနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတား တည်ရှိမှု အခြေအနေ

ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

( ပြဿနာဆန်းစစ်ခြင်းနှင့် ဖြေရှင်းနည်းအထိ )

ကိုးကားစာရင်း

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကမ်းနီ ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည် အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက စီစဉ်ချမတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထု ကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက် နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာ များနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက အလက်များကိုသာ အားပြုထားသော်လည်း နောက်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း

အချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ကိုင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျတ် နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောက်ပုံးကျေးရွာ

ပုသိမ်မြို့နယ်

## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမျး ရေးဆွဲကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော် အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်တွင် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)၊ နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမို သိရှိလာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင်း ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းပြုလုပ်လာနိုင်ပါသည်။

**(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျေးရွာလူထု ဦးဆောင်ပါဝင်သော လုပ်ကိုင်နည်းဖြင့် စုပေါင်းရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှုဖြစ်စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွက် လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုပါဝင်စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောက်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျေးရွာသည် ပုသိမ်-မုံရာကားလမ်းမကြီး၏ဘေးတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးတည်ရှိရာ ပုသိမ်မြို့နှင့် ဆက်သွယ်သွားလာရေးတွင် လွယ်ကူပါသည်။ ကျေးရွာသည် မြေနိမ့်ပိုင်းဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း များဖြစ်ကြပါသည်။ ဒေသ၏ပျမ်းမျှမိုးရေချိန်မှာ ၈၀မှ၁၀၀ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်း များအတွက် များစွာအထောက်အကူပြုပါသည်။ သို့သော်ကျေးရွာဝန်းကျင်တွင် တောင်ကုန်း တောင်တန်းများမရှိခြင်း၊ မြေပြင်အနေအထားမှာ မြေပြန့်မြေနိမ့်ဒေသဖြစ်ခြင်းကြောင့် တစ်ခါတစ်ရံ မြစ်အတွင်းမှ ဆားငန်ရေများဝင်ရောက်သဖြင့် နွေစပါးစိုက်ပျိုးထုတ်လုပ်ရာတွင် စပါး အထွက်နှုန်းများ သိသာစွာလျော့နည်းခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ကျေးရွာ၏ကုန်းတွင်းပိုင်းတွင် ကွမ်းစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး ရာသီအလိုက်အခြားသီးနှံများကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပါသည်။ လယ်ယာလုပ်ငန်းသည် ကျေးရွာ၏အဓိကအားထားရာ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းဖြစ်သည်။ နွေရာသီတွင် အလွန်ပူပြင်းခြောက်သွေ့သောကြောင့် သောက်သုံးရေ ရှားပါးမှု အခက်အခဲများကြုံတွေ့ရပါသည်။ ၂၀၁၆ခု ရေကြီးရေလျှံဖြစ်ပြီး ကျေးရွာရှိ အိမ်ခြေများ ပေါ်သို့ ရေလွှမ်းမိုးမှုခံခဲ့ကြရသည်။ စိုက်ပျိုးပြီးလယ်ယာမြေများမှာလည်း ရေကြီးနစ်မြုပ်မှုများ ကြောင့် ပျက်စီးဆုံးရှုံးမှုများစွာ ရှိခဲ့ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် လယ်မြေများစွာရှိခြင်း၊ မြေနိမ့်ဒေသဖြစ်ခြင်းကြောင့် မြေဆီအသင့်အတင့် ကောင်းမွန်ပါသည်။ သို့သော် ကျေးရွာတွင် သဘာဝသယံဇာတများထွက်ရှိခြင်းမရှိပေ။ တောင်သူ အများစုမှာ ငဝန်မြစ်၏ မြစ်လက်တက်များဖြစ်သော ချောင်းများမှရေများစွာရရှိပြီး လယ်ယာ လုပ်ငန်းများတွင် ရေသွင်းစိုက်ပျိုးနိုင်ကြသည်။ ထို့ကြောင့် မြေအောက်ရေအသုံးပြုမှု များပြားပါသည်။ ချောင်းများရှိခြင်းကြောင့် ငါး၊ပုဇွန်ဖမ်းယူရောင်းချခြင်း လုပ်ငန်းဖြင့်လည်း

အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ကျေးရွာတွင် ထွန်ယက်စိုက်ပျိုးနိုင်သော လယ်မြေ (၂၁၀)ရှိပြီး စပါးသီးနှံအား အဓိကထား၍ စိုက်ပျိုးကြသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေးဆိုင်ရာ အချက်အလက်များ**

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၉၁)စု နှင့် ကျား (၁၃၂)၊ မ (၁၄၅) ဦးဖြင့် လူဦးရေပေါင်း (၂၇၇) ရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှ လူဦးရေ (၃)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှ လူဦးရေ (၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ပြီး အလုပ်လုပ် နိုင်သောအရွယ်သည် ကျေးရွာလူဦးရေအားလုံးပေါင်း၏ (၆၉.၉)ရာခိုင်နှုန်းခန့်ရှိသဖြင့် လူသား အရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်သည် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်ပိုများပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာ၏အဓိက လုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်သည်။ တစ်ရွာလုံး၏ ဝင်ငွေမှာ အသင့်အတင့်ရှိသည်။ ကျေးရွာတွင် ဆင်းရဲသားအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၂၅.၃)ရာခိုင်နှုန်းသည် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများဖြစ်ပြီး (၉.၉)ရာခိုင်နှုန်းသည် ချမ်းသာအဆင့်၊ (၆၄.၈)ရာခိုင်နှုန်းသည် အလယ်အလတ်အဆင့်ရှိသည်ဟု သတ်မှတ်ပါသည်။ ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှုများပြားသော်လည်း လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုမှာ နည်းပါးပါသည်။ ချမ်းသာအဆင့်သတ်မှတ်ခံရသော အိမ်ထောင်စုများမှာ လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး ကွမ်းစိုက်ပျိုးခြင်းကို စီးပွားဖြစ်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် အချို့သော အမျိုးသားများသည် လယ်ယာလုပ်ငန်းအပြင် ပုသိမ်မြို့ပေါ်နှင့် အခြားမြို့များရှိ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လက်သမား၊ ပန်းရံ၊ နေ့စားအလုပ်သမားများအဖြင့် လုပ်ကိုင်စားသောက်ကြပါသည်။ အရွယ်ရောက်ပြီးသော မိန်းကလေးအများစုမှာ ပုသိမ်မြို့ပေါ်တွင် ဖွင့်လှစ်ထားသော အထည်ချုပ်စက်ရုံများတွင် စက်ချုပ်ခြင်း၊ လက်လုပ်ခြင်းနှင့် စာရေးလုပ်ငန်းများကို သွားရောက် လုပ်ကိုင်ကြပါသည်။ ထို့ကြောင့် ယခင်နှစ်များထက် စီးပွားရေး ပြေလည်လာကြပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုနည်းပါးသော်လည်း ရာသီအလိုက် ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျပ်ထိုး၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းနှင့် ချောင်းများတွင်ငါး/ပုဇွန်ဖမ်းခြင်းလုပ်ငန်းများကို အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာတွင် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများသည် သူတစ်ပါးထံမှ ငွေချေးယူခြင်း၊ ချေးငွေလုပ်ငန်းများမှငွေချေးယူသုံးစွဲကြရသည်။ အကြွေးတင်ရှိမှုသည် ကျပ်ငါးသောင်းမှ ကျပ် နှစ်သိန်းထိရှိသည်။ အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများမှ လယ်ယာမြေပိုင်ဆိုင်ထားသူများမှာ စားဝတ်နေရေးအဆင်ပြေ၍ မြေယာမဲ့လက်လုပ်လက်စားအိမ်ထောင်စုများမှာ စားဝတ်နေရေး အခက်အခဲရှိပါသည်။ အလွန်ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မိသားစုဦးရေများပြားမှု၊ မိသားစုတွင်အလုပ်လုပ်ကိုင်သူနည်းပါးမှုတို့ကြောင့် အခြားသူထံမှ ချေးယူစားသောက်ရပါသည်။ ထို့ပြင်အိမ်ထောင်စုတွင် သက်ကြီးရွယ်အိုများသာရှိပြီး အိမ်ထောင်ခွဲသား/သမီးများထံမှ ထောက်ပံ့မှုယူနေရသော အိမ်ထောင်စုများလည်းရှိပါသည်။ သို့သော်ကျေးရွာတွင် မိဘများ၏အကူအညီဖြင့်နေထိုင်နေကြရသည့် မသန်စွမ်းကလေးများရှိပြီး အစိုးရထံမှ ထောက်ပံ့ငွေများ၊ လက်တွန်းလှည်းများ ရရှိခဲ့ပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝကြပါသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာရေးကောင်းမွန်ကြပါသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်များတွင် ဖြစ်ပွားမှုလျော့နည်းကြောင်း တွေ့ရသည်။ ကျေးရွာနှင့်(၂)မိုင်ခန့်ကွာဝေးသော ကိုးဆူ(စံပြ)ကျေးရွာရှိ ဆေးပေးခန်းတွင်လည်း လစဉ်မေးခိုင်ကာကွယ်ဆေး၊ ကြက်ညှာချောင်းဆိုး၊ ဝက်သက်၊ ဆင်ခြေထောက်ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေးတို့ကိုပုံမှန်ထိုးပေးပါသည်။ ကျေးရွာတွင် နှစ်စဉ် ဆေးဖျန်းခြင်း၊ ဆေးခပ်ခြင်းများ ပြုလုပ်ကြသည်။ ကျေးရွာတွင် ယင်လုံအိမ်သာအသုံးပြုခြင်းကြောင့် ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျောရောဂါများဖြစ်ပွားခြင်း လျော့ကျခဲ့ပါသည်။ ကျေးရွာသူ/သားများ အနေဖြင့် အခြေခံကျန်းမာရေး

စောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိနိုင်ကြပြီး ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များဖြင့်လည်း လက်လှမ်းမှီပါသည်။ ကျေးရွာတွင် လက်နှိပ်တုံကင်များနှင့် လက်ငင်ရေတွင်းများမှာမြေအောက်ရေကို လွယ်ကူစွာရနိုင်သော်လည်း နွေရာသီတွင်အလွန်ပူပြင်း ခြောက်သွေ့သောကြောင့် သောက်ရေ၊ သုံးရေများ လုံလောက်စွာမရရှိနိုင်ပေ။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် သက်ကြီးရွယ်အိုအများစုမှာ ဘုန်းကြီးကျောင်းသင်ပညာရေးကိုသာ သင်ကြားခဲ့ရပြီး သက်လတ်ပိုင်းအနည်းငယ်မှာ ခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ထားပြီး ကျောင်းထွက်နေသူများ၊ ဘွဲ့ရရှိပြီးသူများနှင့် အစိုးရဝန်ထမ်းများဖြစ်ကြပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိသဖြင့် ကလေးငယ်များသည် ထိုကျောင်းတွင် ပညာသင်ကြားနိုင်ကြပြီး အခြေခံပညာအလယ်တန်းနှင့်အထက်တန်းကျောင်းများကိုမူ ကိုးဆူ ကျေးရွာတွင် တက်ရောက်ပြီး၊ အထက်တန်းကို ပုသိမ်မြို့ပေါ်တွင် သင်ယူရပါသည်။ ဘွဲ့ရသူများထဲမှ လူနည်းစုသာ အထည်ချုပ်လုပ်ငန်းများတွင် စာရေးမအဖြစ်၄င်း၊ ဖုန်းဆိုင်များနှင့်မိတ္တူဆိုင်များ တွင်၄င်း ဝင်ရောက်လုပ်ကိုင်နေကြပါသည်။

## (စ) ကျား-မ ရေးရာဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင် ကျား-မ အကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များ တွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။ နေ့စားလုပ်အားခများတွင် အမျိုးသမီးများထက် အမျိုးသားများက လုပ်ခပိုမိုရရှိကြပါသည်။ ကျား/မတန်းတူရရှိရန်နှင့် ပတ် သက်ပြီး အသိပညာပေးခြင်းများဆောင်ရွက်မှသာလျှင် တန်းတူဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၂)ဖွဲ့၊ ဘာသာရေးအဖွဲ့ (၁)ဖွဲ့၊ စီးပွားရေးဆိုင်ရာအဖွဲ့ (၁)ဖွဲ့ ရှိသည်။ အနန္တမေတ္တာလူငယ်လူမှုကူညီရေးအသင်းမှ နာရေးကူညီမှုလုပ်ငန်းများ၊ သွေးလှူဒါန်းခြင်းများနှင့် အခြားကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများတွင် အားတတ်သရော စုပေါင်းလုပ်ကိုင်ကြပါသည်။ ပြင်ပမှအသေးစားငွေစုငွေချေးလုပ်ငန်းများကိုလည်း လည်ပတ်အောင်ဆောင်ရွက်လျက်ရှိပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှုအားနည်းကြပါသည်။ အဖွဲ့အစည်းစွမ်းဆောင်မြှင့်တင်ရေးသင်တန်းများဖွင့်လှစ်ပို့ချနိုင်ပါက စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။

### (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကိုသာ အဓိက စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက(၂၁၀)၊ နွေစပါးစိုက်ဧက(၇၀)ကိုစိုက်ပျိုးကြသည်။ မိုးစပါးအထွက်နှုန်းမှာ ပေါ်ဆန်းတစ်ဧက(၅၀)တင်း၊ ကောက်ကြမ်းစပါးတစ်ဧက(၆၀)တင်း ထွက်ရှိကြသည်။ ရာသီဥတုဖောက်ပြန်၍ ရေကြီးသောနှစ်များတွင် အထွက်နှုန်းကျဆင်းခဲ့ပါသည်။ အချို့တောင်သူများသည် အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်မားမှုကြောင့် စပါးကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ဝက်မွေးမြူသူ(၄.၅)ရာခိုင်နှုန်း၊ ကြက်မွေးမြူသူ(၈၉.၂)ရာခိုင်နှုန်းရှိသည့်အတွက် ဈေးကွက်ဝယ်လိုအားရှိပါသည်။ ကျေးရွာတွင် မွေးမြူရန်မြေအနေအထားအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပေ။ ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေလုပ်ငန်းများတည်ထောင်ရန် ချေးငွေချေးယူရာတွင် အလွယ်တကူမရရှိနိုင်ခြင်းဖြစ်သည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရ ဝန်ထမ်း

လုပ်ငန်းတို့ဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင် ရှိသည်။ မြို့ပေါ်ရှိအထည်ချုပ်စက်ရုံတွင် လူငယ်များအလုပ်ရရှိ၍ ဝင်ငွေရရှိမှု အားကောင်းသည်။ ကျေးရွာမှပြည်ပသို့ သွားရောက်လုပ်ကိုင်နေသူများလည်း ရှိသည်။ အစိုးရဝန်ထမ်းများလည်း ပုံမှန်ဝင်ငွေရှိ၍ စားဝတ်နေရေးပြေလည်ကြသည်။ လက်လုပ်လက်စား လုပ်ငန်းများ မှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ် အကိုင်နှင့် ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ် နိုင်သောဦးရေ များပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းတစ်ချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်ငန်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့ စသည်တို့သည် အသက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် အနည်းငယ် နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတက်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြပါသည်။

**(ဃ)သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာရှိ လယ်ယာမြေတွင် ဖျက်ပိုးများ ကျရောက်မှုများသောကြောင့် ပိုးသတ်ဆေးများ ပိုမိုအသုံး ပြုလာမှု များပြားလာသောကြောင့် မြေဆီလွှာများ အရည်အသွေးကျဆင်းလာမှုများ ဖြစ်ပေါ်လာပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုလာကြသည်။ ယခင်ကလို သဘာဝမြေသြဇာအဖြစ် နွားချေးများကို လယ်ယာမြေထဲသို့ ထည့်သွင်းစိုက်ပျိုးမှုနည်းပါးလာကြသည်။ စိုက်ပျိုးရေးနှင့်ပတ်သက်သော ပညာပေး သင်တန်းများ ဟောပြောပေးခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာတွင် တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေကို တစ်လအတိုးနှုန်း (၇၅)ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ၁၀ ဧက အတွက် ချေးယူနိုင်ပါသည်။ ကျေးရွာတွင် အပြည်ပြည်ဆိုင်ရာကုမ္ပဏီအဖွဲ့အစည်းများ လာရောက်ပြီး ငွေရေးကြေးရေးအဖွဲ့များ ဖွဲ့စည်းထားပြီး အသင်းဝင် (၁၀၀)ခန့်ရှိသည်။ ကျေးရွာတွင် သမအသင်း၊ ဖြိုးရတနာအသင်းများလည်းရှိပါသည်။ ၄င်းအသင်းများက အိမ်ထောင်စုအားလုံးကို ငွေထုတ်ချေး ပေးသော အသင်းများဖြစ်ပါသည်။ကျေးရွာတွင် ချေးငွေယူထားမှုအခြေအနေမှာ ဆင်းရဲနှင့်အလွန် ဆင်းရဲအားလုံးသည် ချေးငွေယူထားကြပြီး အိမ်ထောင်စုတစ်စုလျှင် ချေးငွေ(၅)သောင်းကျပ်မှ (၅)သိန်းအထိ ချေးယူထားကြောင်းတွေ့ရသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းသန့်ရှင်းရေး**

ကျေးရွာတွင် ၉၀ ’x၃၀ ’ အရွယ်ရှိ သွပ်မိုးအုတ်နံရံကာ မြေသားခင်း မူလတန်း ကျောင်းဆောင်တွင် ပညာသင်ကြားပေးသည်။ ကျေးရွာသူ/ကျေးရွာသားများ ရေးတက် ဖတ်တက်ကြသည်။ ကျေးရွာတွင် မူလတန်းအောင်မြင်သူအရေအတွက် မြင့်မားပါသည်။ ကျေးရွာကျောင်းတွင် မူလတန်းဆရာမ(၅)ဦးမှ သင်ကြားပေးလျက်ရှိပြီး ကျောင်းတွင်ပရိဘောဂ လုံလောက်မှုမရှိပါ။ နိုင်ငံတော်မှ ကျောင်းသူ ကျောင်းသားအား ပညာရေးအထောက်အကူများ လည်းရရှိပါသည်။ ကျေးရွာတွင် ကျေးလက် ဆေးပေးခန်း မရှိသေးပါ။ ကျေးရွာနှင့်(၁)မိုင်ခွဲ ခန့်ကွာဝေးသော ကိုးဆူကျေးရွာရှိ ဆေးခန်းတွင် လစဉ်ကာကွယ်ဆေးများထိုးကြရသည်။ ကျေးရွာတွင် သင့်တင့်ကောင်းမွန်သော ဆေးပေးခန်းနှင့် ဆရာမများရှိရန်လိုအပ်ပါသည်။ ကျေးရွာတွင် မီးမရရှိသဖြင့် မီးရရှိရန် အထူးလိုအပ်ပါသည်။ ကျေးရွာတွင် လက်ငင်ရေတွင်း များစွာရှိပါသည်။ နွေအခါသောက်သုံးရေရရှိရန် အလွန်ခက်ခဲပါသည်။ ကျေးရွာရှိ အိမ်ထောင်စု အားလုံးနီးပါး ယင်လုံအိမ်သာအသုံးပြုကြသည်။ရေကြောင့် ရောဂါဖြစ်ပွားမှု အလွန်နည်းပါသည်။ ကျောင်းသားကျောင်းသူ များအတွက် ဆောက်လုပ်ထားသော အိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး အသုံးပြုရန် လွယ်ကူပါသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အနားယူအပန်းဖြေမည့် အနေအထားမရှိနိုင်သေးပါ။ ကျေးရွာရှိ ဘာသာရေး၊ လူမှုရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက် ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့်လုပ်ငန်း သီးသန့် ဖော်ဆောင် ထားခြင်း မရှိသေးပါ။

## (ဇ) အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်မီး၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာရှိလမ်းမကြီးကို ရွာသားများစုပေါင်းဆောက်လုပ်ထားသော ကိုယ်ထူကိုယ်ထ လမ်းဖြစ်ပါသည်။ ချောင်းနှစ်ခုကိုဖြတ်၍ တံတား(၂)စင်းဆောက်လုပ်ထားပါသည်။ ယခင်ဝါးတံတားကိုအသုံးပြု၍သွားလာကြရပါသည်။ တံတားအမျိုးအစားမှာ သံဘောင်ခင်း၊ အပေါ်ယံသစ်သားခင်းဆောက်လုပ်ထားသည်။ ခံနိုင်ဝန်မှာ တန်၅၀ ဖြစ်သည်။ ကျေးရွာတွင် လျှပ်စစ်မီးကို သွယ်ထားခြင်းမရှိသေးပေ။ ကျေးရွာတွင် မိုဘိုင်းအသုံးပြုမှုမှာ များပြားသည်။ အင်တာနက်အသုံးပြုမှုမှာ အသင့်အတင့်ရှိ၍ သတင်းအချက်အလက်ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာရှိအိမ်ထောင်စုအနည်းငယ်မျှသာ ဖယောင်းတိုင်မီးသုံးစွဲ၍ ကျန်အိမ်ထောင်စုများမှာ ဆိုလာမီး၊ ဘက်ထရီမီးများကို အသုံးပြုကြသည်။ ဘုန်းကြီးကျောင်းတွင် လက်ဆွဲမီးစက်များကို အသုံးပြုကာ မီးရရှိပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းပါသည်။ ကျေးရွာရှိ ရွာသားများသည် တယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းများကို လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်သီးသန့် မရှိပေ။ ကျေးရွာ သည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုနည်းပါသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် ခြေအနေများ

ကျေးရွာတွင် လမ်းတံတားများကောင်းမွန်လာသဖြင့် ကျောင်းသူ/သားများ သွားလာရာတွင် အလွန်လွယ်ကူလျင်မြန်စွာ သွားလာနိုင်ကြသည်။ ကျေးရွာရှိ လူဦးရေအများဆုံးမှာ အလုပ်လုပ်နိုင်သော အရွယ်များဖြစ်ကြသည်။ ကျေးရွာသူ/ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှု ခံယူကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပုံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် အသင့်အတင့် ရှိနေကြသည်။

သဘာဝရင်းမြစ်များတွင် လယ်မြေများသည် မြေပြန့်ဒေသဖြစ်ပြီး မြေဆီသြဇာအသင့်အတင့်ကောင်းမွန်သည်။ တောင်သူများသည်လည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင် ပေးနိုင်သည်။  မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးရန် အထောက်အကူဖြစ်သည်။ ကျေးရွာသည် ပုသိမ်မြို့သို့ ကား၊ ဆိုင်ကယ်၊ စက်လှေများဖြင့် လွယ်ကူစွာ သွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာ ထွက်ကုန်များ ကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် ရာဇဝတ်မှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာမိုဘိုင်းဖုန်း ဆက်သွယ်ရေးကို အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုအသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်ကြသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ

ကျေးရွာရှိလယ်မြေများမှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန် မဖြစ်နိုင်သဖြင့် လယ်သမားအတွက် အထွက်နှုန်း တိုးမြင့်အောင် အားစိုက် ရပေမည်။ ချောင်းရေမှ ရေတင်စိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင် တူးမြောင်းရေ၊ ရေသွယ်မြောင်းများ တိုးချဲ့ဆောက်လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်သည်။ ဧကတိုးတက် လာစေရန် ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများလည်း စပါးနှင့် အခြားသီးနှံများတွင် ကျရောက်တက်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ဆိုင်ရာဝန်ဆောင်မှုကိုရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်များ မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံ ပိုးမွှား နှိမ်နင်းရေးကျင့်သုံးနိုင်ရေး အထောက်အပံ့များ ရရှိရန်လိုအပ်သည်။ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာတွင် အခက်အခဲများ ကြုံတွေ့ရတက်သည်။

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်ရရှိရေး အတွက် အကန့်အသတ်ရှိနေပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

### (က)ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းလာမည့် ငါးနှစ်တာကာလအတွင်း ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။ ကျေးရွာရှိမြေသားလမ်း ကိုကျောက်ချောလမ်းခင်းပေးနိုင်ခြင်း၊ ကျေးရွာလူထုစာတတ်မြောက်ရေး၊ သောက်သုံးရေရရှိရေး စက်ရေတွင်းများတူးဖော်ပေးနိုင်ခြင်း၊ လျှပ်စစ်မီးရရှိရေး စသည်တို့ဖြစ်ပါသည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအတိုင်း အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားပါမည်။

(ခ-၁) ကျေးရွာတွင် မြေသားလမ်းမှ ကျောက်ချောလမ်းခင်းပေးနိုင်ရန် ဆောင်ရွက်ပေးသွားမည်။ ကျေးရွာရှိရွာသားများမှလည်း လူအင်အားများ ထည့်သွင်းလုပ်ကိုင်ပေးသွားမည်ဖြစ်သည်။

(ခ-၂) ကျေးရွာရှိ မူလတန်းကျောင်းဆောင်ကို ပြန်လည်ပြုပြင်တည်ဆောက်သွားမည်ဖြစ်သည်။ အမိုးများပြန်လည်ပြုပြင်ခြင်း၊ အိမ်သာများ အသစ်ပြန်လည်ဆောက်လုပ်ခြင်းများပြုလုပ်သွားမည်။ ကျောင်းတွင်းမြေသားခင်းခြင်းမှ ကွန်ကရစ်ခင်းခြင်း ပြုလုပ်သွားမည်။

(ခ-၃) ကျေးရွာတွင် သောက်သုံးရေရရှိမှုအခက်အခဲဖြေရှင်းပေးနိုင်ရန် စက်ရေတွင်းများ ဆောက်လုပ်ကာ သောက်သုံးရေရရှိမှု အဆင်ပြေစေရန်အတွက် ဆောင်ရွက်သွားမည်။

(ခ-၄) ကျေးရွာတွင် လျှပ်စစ်မီးရရှိရန် ဆိုလာမီးများတပ်ဆင်ပေးနိုင်သဖြင့် ကျေးရွာရှိ လူနေမှုအဆင့်အတန်းတိုးတက်လာစေပြီး ကျောင်းသူ/သားများ စာသင်ကြားရေးတွင်လည်း အထောက်အကူများစွာ အကျိုးပြုနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပြုချက်အရ ဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှ တစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရ ထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများ ကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန် ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးကို အဓိက စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်း ရေးအတွက် နည်းစနစ် ရရှိရေးလိုအပ်ပါသည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာန များမှ ဝန်ဆောင်မှုများကိုရသော် လည်း စိုက်ပျိုးရေးတွက် ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။ သီနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှား နှိမ်နင်းရေး နည်းပညာအသစ် ရရှိရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သော ချေးငွေ ရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားများနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစား စီးပွားရေး လုပ်ငန်းများအတွက် အထိုက် အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။

## (ဃ)ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ဓါတ်အား ရရှိပြီး အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများ ရရှိရန် အထူးသဖြင့် လူငယ် နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်ငြင်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ၊ ကုန်ထုတ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်းအတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းအတွက် ထည့်သွင်းရေးဆွဲ ရန် ခက်ခဲပါသည်။နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူ ပြု အဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထို့အဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေး ရန် ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအဆင့်ထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များ ရရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များ ဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစား ပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှု မရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထား

နိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါ မည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သောသဘာဝ ဘေးအန္တရာယ် ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ် တိုးလာမည့် လုပ်ငန်း စီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် ငါးနှစ်တာ ကာလကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းစီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ် ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများ ကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မတ်ခြင်းသည် စီမံချက် များကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်း သတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

**ဦးစားပေးစီမံချက်များ**

| စဉ် | စီမံချက် | ဦးစား ပေးဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာမြေသားလမ်းကို ကျောက်ချော လမ်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်း | ၁ | A | | | | |
| ၂ | ကျေးရွာမူလတန်းကျောင်း ပြန်လည် ပြုပြင်တည်ဆောက်ခြင်း | ၂ | A | A | | | |
| ၃ | သောက်သုံးရေရရှိရန် စက်ရေတွင်းများ တူးဖော်ပေးခြင်း | ၃ | A | A | A | A | A |
| ၄ | လျှပ်စစ်မီးရရှိရန် ဆောင်ရွက်ခြင်း | ၄ | A | A | | | |

## ၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာအဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန် တကယ်လိုအပ်သော ဘတ်ဂျက် ပမာဏများအတွက် တွက်နိုင်ရန် အသေးစိတ် ဆက်လက်၍ ဆောင်ရွက်ရ မည်ဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ် အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်း များနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရာတွင် အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည် ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်းမှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိက ယူပါသည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာအသင်းသည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေး အရည်အသွေးတိုးတက်စေရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးအဖွဲ့သည် ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတက်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်သည်။ ဥပမာ-လယ်သမားအဖွဲ့အစည်းသည် လယ်ယာထုတ်ကုန်လုပ်ငန်း အထောက်အကူပြု လမ်းအဆင့် မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါသည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါသည်။

- ❖ ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ

❖ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းများတွင် ဖော်ပြထားသော ကိစ္စများကိုသာ ကြီးကြပ်မှု ပေးမှာဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်၍ တာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနတာဝန်ယူ ပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ကို ဦးဆောင်၍ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်စေပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် ဌာနဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များထားရှိမည်။ ဥပမာ-တံတားဆောက်လုပ်ခြင်းတွင် စေတနာအလျှောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ကူးသန်းရောင်းဝယ်မည့် ပစ္စည်းပမာဏကို ကန့်သတ်သောစည်းကမ်းများသတ်မှတ်မည်။

**၁၁။ စီမံကိန်းအာ စဉ်ဆက်မပြတ် လေ့လာရေးနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေးခြင်းကို ရိုးရှင်းသော ပုံစံဖြင့်သာ ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်ချက်အတိုင်း အကဲဖြတ် စစ်ဆေးခြင်းကို ပြီးမြောက်နိုင်ပါလိမ့်မည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း**

အထူးသဖြင့် ကျွန်ုပ်တို့သည် ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းိကု

(၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့၏စီစဉ်မှုဖြင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့ အသီးသီးတို့က တာဝန်ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီးသည် မိမိတို့၏ ကနဦး သတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် ညွှန်းကိန်းများဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်-

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှု အတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ၊ စုစည်းပြီးစီးမှု (မူလ လျာထားချက်များနှင့် ညှိနှိုင်း၍)
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာတွင် ဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲမည့် အစီစဉ်များ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါသည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ

စီမံကိန်းကာလတစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘတ်စုံ ရှု့ထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါသည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံမှု၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေ အနေများကို အောက်ပါအဖွဲ့အစည်းပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။

ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းပိုင်ရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးများ စသည်တို့ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်မည့် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီ များကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်ပါသည်။

ကိုးဆူကျေးရွာအုပ်စု၊ ကျောက်ပုံးကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီဝင်စာရင်း

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးမြင့်အေး | ဥက္ကဋ္ဌ |
| ၂။ | ဦးဇော်ဦး | ဘဏ္ဍာရေးမှူး |
| ၃။ | ဦးသက်ခိုင် | အတွင်းရေးမှူး |
| ၄။ | ဒေါ်ယု | စာရင်းကိုင် |
| ၅။ | ဦးစန်းဝင်းနိုင် | အဖွဲ့ဝင် |
| ၆။ | ဦးစိန်မြင့် | အဖွဲ့ဝင် |
| ၇။ | ဦးအောင်မြင့်သန်း | အဖွဲ့ဝင် |
| ၈။ | ဦးမြေးဝင်း | အဖွဲ့ဝင် |
| ၉။ | ဦးစိုးငြိမ်း | အဖွဲ့ဝင် |

ပြည်နယ်/တိုင်း - ဧရာဝတီတိုင်းဒေသကြီး ရက်စွဲ -
မြို့နယ် - ပုသိမ်မြို့
ကျေးရွာအုပ်စု - ကိုးဆူကျေးရွာအုပ်စု
ကျေးရွာ - ကျောက်ပုံးကျေးရွာ

## (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

## (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | | ၂ | ၂ | ၀.၇% |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၇ | ၉ | ၁၆ | ၅.၈% |
| ၅ နှစ်မှ ၉နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၂ | ၆ | ၁၈ | ၆.၅% |
| ၁၀ နှစ်မှ ၁၄နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၆ | ၁၁ | ၂၇ | ၉.၇% |
| ၁၅ နှစ်မှ ၆၀နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၉၄ | ၁၁၂ | ၂၀၆ | ၇၄.၄% |
| ၆၀နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၃ | ၅ | ၈ | ၂.၉% |
| **စုစုပေါင်း** | | ၁၃၂ | ၁၄၅ | ၂၇၇ | ၁၀၀% |
| **စုစုပေါင်း အိမ်ထောင်စု -၉၁** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၃** | | | |

ရင်းမြစ်...(၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ပုံးကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ အများဆုံးဖြစ်သည်။ ကျောင်းသားဦးရေထဲတွင် အလယ်တန်းကျောင်းနေအရွယ်မှာ အများဆုံးဖြစ်သည်။ တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ ၃ ယောက် ရှိသောကြောင့် မြန်မာနိုင်ငံ၏ ပျမ်းမျှလူဦးရေ ၅ ဦးထက် လျော့နည်းနေသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

## (၁.၂.၁)လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ ထောင်စု | % | မိသားစု ဝင်ဦးရေ | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၉ | ၄၂.၉ | | ၁၇ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ ထောင်စု | % | မိသားစု ဝင်ဦးရေ | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ၂.၂ | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ | ၃၀ | | | ၈ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ ထောင်စု | % | မိသားစု ဝင်ဦးရေ | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၈ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၉.၈ | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၀ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄.၄ | ၈ | ၈ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၁ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၂ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၃ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်ဦးရေ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၄ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၆ | ပညာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၇ | ကျန်းမာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၈ | လူမှုရေး လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ ထောင်စု | % | မိသားစု ဝင်ဦးရေ | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | ၄.၄ | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၂၀ | **ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၃.၃ | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| | **စုစုပေါင်း** | ၁၅၃ | ၁၀၀ | | ၄၄ | |

ရင်းမြစ်… (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

